# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင် စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေး ရာ စာစောင်


(တရားဟော ၅း၂၄) အကျွန်ုပ်တို့ဘုရားသခင် ထာဝရဘုရားသည် ဘုန်းတန်ခိုး အာနုဘော်တော်ကို အကျွန်ုပ်တို့အား ပြတော်မူပြီ။
**မီးထဲက စကားတော် အသံကို အကျွန်ုပ်တို့သည် ကြားရပါပြီ။**


အမှတ်စဉ် (၁၂၈) ဧပြီလ ၂၀၁၂ ခုနှစ် ဓမ္မဒါန (လစဉ် ပထမတနင်္ဂနွေနေ့တိုင်းအခမဲ့ဖြန့်ချိသည်) www.thelordword.com . facebook; lord's word & lord's heart


## အရင်နဲ့အခု (မင်းအောင်သက်လွင်)

အရင်နဲ့အခု



ဟိုးတုံးကဆို ငါ့နလုံးသားမှာ စာတန်အတွက်
တံခါးမရှိ ဓါးမရှိ အတိုင်းအဆမရှိ ဖွင့်ထားမိပါ၏
　ဟိုးတုံးကဆို ငါ့ဦးနှောက်ထဲမှာ အတ္တတရားအတွက်
　မူးယစ်ဆေးဝါး။ အပျော်မယားနဲ့ ငွေနောက် လိုက်ခဲ့မိပါ၏
ဟိုးတုံးကဆို ငါ့စိတ်ထဲမှာ ဒုစရိုက်တရားအတွက်
လုပ်ချင်ရာလုပ် မဟုတ်တရုတ်တွေနဲ့ အုပ်စု ဖွဲ့နေမိပါ၏
　အခုတော့ အဲဒါတွေအားလုံးကို ပြည်ဖုံးကားချ
　Anti virus software တွေ down load လုပ်
　Password တွေပြောင်း။ စာတန်နဲ့ ဘာမှ မဆိုင်တော့ကြောင်း
　ကြေငြာ မောင်းခတ် ထားပါ၏။
ခုချိန်မှာတော့ သခင့်အတွက်ဆို ငါ့နလုံးသားမှာ
သော့ခလောက် မခတ်။ မင်းတုန်း မချ။
Pass word မလို။ Enter ခေါက်စရာ မလို
Auto တံခါးဖွင့်ထားပါ၏။ ။



---

## ပြင်ဆင်မျှော်လင့်ခြင်း မလေး(တပ်ကြီးကုန်း)

ပြင်ဆင်မျှော်လင့်ခြင်း

မေတ္တာပျက်သုဉ်း အတ္တဖုံးသော လောက လူ့ကမ္ဘာ ဒီသံသရာမှာ
လူသားအချင်းချင်း မနာလို မုန်းထား ရန်တွေပွား၍
စစ်ပွဲတွေနဲ့ ခိုက်ရန် မစဲ တဖွဲဖွဲ။
မီးတောင်တွေ ကွဲအက် ရေလွှမ်းမိုးဘေး ဤ နိမိတ်တော် ကိုယ်တော်ပေးသော်
နောင်တ မရ လောကလူသား အပြစ်နွံထဲ တိုးဝင်ဆဲ။
မြေကြီးလှုပ်ခတ် ရောဂါဘေးဆိုး ဤဗျာဒိတ်တော် မြင်ရပြန်သော်
အများမပြင် လျှောက်နေဆဲပင် အမှောင်ဖုံးလွှမ်း ဆူးခင်းလမ်း
ယေရှုဘုရား ကြွလာအချိန် နီးကပ်ပြီမို့ ပြင်ဆင်ကာထား တို့နလုံးသား
သစ္စာရှေ့ထား မေတ္တာပွား၍ နိမိတ်လက္ခဏာများ ဆင်ခြင်ကာဖြင့် မယိုင်မနဲ့
ယုံကြည်ချက်နဲ့ စောင့်မျှော်ကြိုဆို ကိုယ်တော်ဘုရားရဲ့ ချီဆောင်ချိန်ကို --- ။

---

## သခင် ဆောင်းဦး

သခင်



မွန်းကျပ်နေတဲ့ ရင်ခွင်တစ်ခု ပိတ်လောင်ခံစား
တိုက်ခန်းအောက်က ကျမတို့လို အိမ်ဖော်တွေရဲ့
သုညတွေထိ ကျရောက်သွားတဲ့ စိတ်ဓါတ်ခွန်အား
တိုးကာ ပေးသော သခင့်စကား ကျေးဇူးကမ္ဘာပါ။

---

## ကျေးဇူးတင်ပါတယ်သခင် ဖိုးလေး(အင်းစိန်)

သခင့်ကို ကျွန်ုပ် အမြဲမေ့လျော့ခဲ့လဲ သခင် ကျွန်ုပ်ကို အစဉ် စောင့်ရှောက်ဆဲ။
သခင့်အတွက် အချိန်တွေကို ကျွန်ုပ်မပေးခဲ့လဲ
ကျွန်ုပ်ကို သခင် အစဉ်အောက်မေ့နေဆဲ။
သခင့်ကို ကျွန်ုပ် ပစ်ပယ်ထားလဲ သခင်ကျွန်ုပ်ကို စွန့်လွှတ်အချစ်နဲ့ ချစ်နေဆဲ။
ကျွန်ုပ်က သခင်ကို မဖိတ်ခေါ်လဲ သခင် အစဉ်အမြဲ မျှော်လင့်နေဆဲ။
အပြစ်သွေးဆောင်ရာသို့ကျွန်ုပ်လိုက်ပြေးနေလဲသခင်ကျွန်ုပ်ကို အစဉ်စောင့်မျှော်နေဆဲ။
သခင် - ခွေးသည် မိမိအန်ဖတ်ကို ပြန်စားသကဲ့သို့ အပြစ်များထဲမှာ
သာယာစွာ နစ်မွန်းနေတဲ့ အပြစ်သား ကျွန်ုပ်ကို တဘက်သတ်အချစ်နဲ့
အစဉ်အမြဲ စောင့်ကြိုနေတဲ့ သခင့်ဆီကို စစ်မှန်တဲ့
နောင်တ တရားနဲ့ ကျွန်ုပ်ပြန်လာခဲ့ပါပြီသခင်။

ကျေးဇူးတင်ပါတယ်သခင်

## သခင့်မေတ္တာ နန်းရထိုက်(ကနခ)

သခင့်မေတ္တာ



ကမ္ဘာမြေမှာ အပြစ်တရားတွေနဲ့ ကျင်လည်နေတဲ့ လူသားတွေအတွက်
လမ်းလွဲနေတဲ့ ခြေလှမ်းတွေကို လမ်းမှန် ပြန်လျှောက်ဖို့ သခင် လမ်းပြခဲ့ပြီး။
အကောင်းနဲ့အဆိုးကြား ဝေဝါးစွာနဲ့ မဝေခွဲတတ်တဲ့လူသား လောကီတပ်မက်မှုနဲ့ မေတ္တာ ခေါင်းပါးလွန်းသူတွေအတွက် မေတ္တာနဲ့ရင်း သခင်ချစ်ခဲ့ပြီး။
အမှန်တရားကိုသိပြီး သမ္မာတရားအတိုင်း အသက်ရှင်ဖို့ ကိုယ်နှင့်စပ်ဆိုင်သူအား ကိုယ်နှင့်အမျှ ချစ်တတ်ဖို့ သခင်မိန့်မှာခဲ့တယ်။ အစနဲ့ အဆုံးကို ဖြစ်စေတဲ့ဘုရား အလုံးစုံကို သူထိန်းချုပ်လို့ အကြင်နာ မေတ္တာတွေနဲ့ လူသားတွေကို
အသက်စွန့်ပြီး ချစ်တဲ့ သခင်။

---

## မြည်းစမ်း၍သိခြင်း(ဆာ၃၄း၈) Sa Mee ဗေသနိလီဆူးနှစ်ခြင်းခရစ်ယာန်အသင်းတော်

မြည်းစမ်း၍သိခြင်း

ဖန်ဆင်းရှင်က ဖန်ဆင်းခဲ့ရာ ဤ စကြာဝဠာဝယ်
သတ္တဝါ အပေါင်းတွင်မှ လူမည်သည်သာ အထွတ်ထိပ်ဆုံး။
အကြောင်းမူကား ခံစားသိတတ် ဆင်ခြင်တတ်ရာ ဉာဏ်ပညာကို ပေးကာထား
ထို့ကြောင့် လူတွင် ပျော်ရွှင်မခမ်း ဘဝလမ်း၌ လျှောက်စဉ်တုံးဝယ်
မေ့လျော့ သခင် ဖန်ဆင်းရှင်ကို ရှောင်ကာ ထွက်ပြေး အဝေးဆီဝယ်
သို့သော် -သင့်ကို ချစ်မြဲ ချစ်မေတ္တာရှင်သည် ဘယ်ခါ မစွန့် သင့်ကို ချစ်ဆဲပါလေ။
အန္တရာယ်များနှင့် ရင်ဆိုင်ရမှ ပြော် - ငါသည် ဝေးလွင့် သခင်ဆီမှ
အိုကွယ် လူသား။ ငါကွယ် ဘယ်သို့ ပြုမည် မသိ
အော်ကာ ဟစ်လို့ ကယ်ပါ သခင် ချစ်တဲ့ အရှင်
ကြိမ်ဖန်များစွာ လိမ်ခဲ့သော်လဲ ထိုသခင်သည်
သင့်ကို ချစ်၍ ကမ်းလင့်ကြိုဆဲ အမြဲပြုံး၍ အို --- ကွယ်
ငါ့သား လောကတွင် ဒုက္ခဆင်းရဲ ခံနေရလဲ
သခင့်ကို ချစ်၍ ဖန်ဆင်းခဲ့သော ဖန်ဆင်းရှင်



ထိုမေတ္တာရှင်သည် ကောင်းမြတ်ကြောင်းကို အများသူငါ
ခံစားစေလိုကြောင်းကို ကြွေးကြော်ကာ ဟစ်လို့ မြည်းစမ်းကြည့်ပါ။ ။Sa Mee

---

## ခရစ်ယာန်သင်ပုန်းကြီး (ရဲမင်းကြီးဦးဘရီ။ Rev ဆရာတော်ဦးဝင်းစိန်)



က - ကရာနီ ကားတိုင်ဆီ ၊ယေရှုသည် ကယ်တင်ခြင်းကိုရည်။
ခ - ခရစ် ကယ်တင်ရှင်အစစ်၊ ဝန်ချ သင့်အပြစ်။
ဂ - ဂေသရေမန် သုံးခါပြန်၊ ယေရှုတောင်းဆုပန်။
ဃ - သံဃာ သင်းအုပ်မှာ၊ ကောင်းကြီးခံယူပါ။
င - ငါးကြီး ဝမ်းဗိုက်ခရီး၊ ယောန သုံးရက်ညည်း။
စ - စာရာ ဣဇက် မာတာ(အမေ)၊ အာဗြံဟံ ချစ်ရှာ။
ဆ - ဆာလံ ဖတ် အဖန်ဖန်၊ ခွန်အားရမည် မှန်။
ဇ - ဇာတိ ခနရှိကြ ၊ ဝိညာဉ်သာ အဓိက။
ဈ - ဈာန်ဖြင့် ကောင်းကင်အမြင့်၊ ယေရှု ရောက်သွားနှင့်။
ည - တစ်ည တိတ်ဆိတ်ည၊ သန့်ရှင်းသူငယ် ဆင်းသက်ကြွ။



ဏ - တဏှာ ရှောင်ကျဉ်ပါ၊ ဆယ်ပါး ပညတ်မှာ။
တ - တမာန်တော် ၁၂ ဖော်၊ ယေရှု လက်စွဲတော်။
ထ - ထာဝရ နိစ္စဓူဝ၊ ကိုးကွယ် သက်တမျှ။
ဒ - ဒံယေလ မှတ်လေပ၊ နောက်ဆုံး အောင်ခြင်းရ။
ဓ - ဓမ္မသစ် ကျမ်းတွင် အနှစ်၊ တွေ့မည် ကယ်တင်ရှင် အစစ်။
န - နောဧ ရေလွှမ်းဘေး၊ သင်္ဘောကြီး ဆောက်ပေး။
ပ - ပညတ် ၁၀ပါး မြတ်၊ မောရှေ ခေတ်ကို မှတ်။
ဖ - ကြက်ဖ တွန်ကြူးချ၊ ပေတရု ငိုကြွေးရ။

ခရစ်ယာန်သင်ပုန်းကြီး



**သခင့်စကား** ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၂၈ ဧပြီလ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

# ခရစ်ယာန်သင်ပုန်းကြီး



ဗ - ဗျာဒိတ် ရင်တထိတ်ထိတ်၊ ဟောမည့် ကမ္ဘာ့ နိမိတ်။
ဘ - ဘဘုရား လွန်ချစ်ပြား၊ သားတော်ကို စွန့်သွား။
မ - မယ်တော် မာရိနော်၊ မိန်းမ မြတ်လို့ခေါ်။
ယ - ယေရှု ကိုးကွယ်ပြု၊ ကောင်းကင် သက်မြတ်ဆု။
ရ - ရှံဆုန် ရှောလမုန်၊ ပြန်ပြောပ တစ်ဖုံ။
လ - လုကာ ဖတ်ရှုပါ၊ နိပါတ်တော် စုံတာ။
ဝ - ဒါဝိဒ် မင်းပုရောဟိတ်၊ လောက်လွဲ ဝိဇ္ဇာ ထိပ်။
သ - သတေဖန် ကျမ်းသုတ္တံ၊ အသက် စတေးခံ။
ဟ - ဟေရှာယ တန်ခိုးရ၊ နောင်ဖြစ် ဟောသဗျ။
ဠ - ဠင်းတ လောင်းပုပ်ပွ၊ ဝိညာဉ် စားမရ။
အ - အစ အာဒံ ဧဝ၊ မှတ်ကြ ဝေနေယျ။

ခရစ်ယာန်သင်ပုန်းကြီး

(ဝန်ခံချက်။ ရဲမင်းကြီး ဦးဘရီ(မြန်မာ့တမန်)မှ အက္ခရာ အဓိပ္ပါယ်ဖော်၍ တောင်တန်း ဒေသစာရီ ဆရာတော် Rev; ဆရာတော်ဦးဝင်းစိန် မှ ပြန်လည်ဆန်းသစ်က ဆလု ကလေးငယ်များအား သင်ကြားပေးသည့် ခရစ်ယာန်သင်ပုန်းကြီးမှ ထပ်ဆင့်ဖော်ပြပါသည်။)

# လမ်းပြကြယ်အရှင်သခင်

**လမ်းပြကြယ် အရှင်သခင်** (ရှင်ယောဟန် ၁၄း၆-၇) F-Penny(Mizo)



လောကလူသားများ အပြစ်နွံမှ ရုန်းလေ နစ်လေ ဘယ်သို့ ရှေ့ဆက်မည် ဘယ်သို့လျှောက်လှမ်းမည် မသိ။ အမှောင်လောကမှာ ကျင်လည် ကျက်စားရင်း အဆုံး သတ်ရမည့် ဝိညာဉ်ရေးရာ ခရီးမှာ အလိုအပ် ဆုံးက လမ်းပြ အရှင်သခင်ပါ။


လူ့လောက အပြစ်သားတွေအတွက် လမ်းပြကြယ်လေး ထွန်းလင်းခဲ့ပြီ။ ကယ်တင်ပိုင်ရှင် မွေးဖွားခဲ့ပြီ။ သူငယ်တော်မှာ ယေရှုခရစ် အမည်ရှိ၏။ လောက အမှောင်မှာ လောကအလင်းသို့ ပို့ဆောင်ဖို့ရန် အပြစ်ကြွေးတွေ သုလေထမ်းကာ ရွေးနုတ်ခဲ့ပြီ။

လမ်းပြအရှင် ကိုယ်တော်ရှင် သခင်ယေရှု အကျွန်ုပ်တို့အတွက် ကားတိုင်တော်မှာ အပြစ်ကြွေးများ အသွေးတော်ဖြင့် ဆေးကာ သခင်၏ကြီးမားကရုဏာ မေတ္တာတော်ဖြင့် သက်သေပြသွားခဲ့ပြီ။ ဝမ်းမြောက်ကြလော့။ အပြစ်မှလွတ်မြောက်ပြီ။ ဟာလေလုယာ။ ချစ်မိတ်ဆွေ သင်နှင့်ကျွန်ုပ်အတွက် ကိုယ်တော်ရှင် သေခံခဲ့ရ ပေးဆပ်ခဲ့ရပြီ။ လောကလူသားတွေ မပြုလုပ်နိုင်သည့်အရာ မသန့်ရှင်းပေးနိုင်သည့်အရာ မမှန်းဆ ပေးနိုင်သည့်အရာ အားလုံးသောအရာတွေအတွက် ပြုလုပ်ပေးနိုင်သူ သန့်ရှင်း ပေးနိုင်သူ မှန်းဆ ပေးနိုင်သူ။ သခင်ယေရှု ထံတော်သို့ ယုံကြည်ခြင်းဖြင့် ဆုတောင်း ရင်း ဘယ်သို့ရှေ့ဆက်မည် ဘယ်သို့လျှောက်လှမ်းမည်ကို လမ်းပြကြယ် သခင်ယေရှု ခရစ်တော်၏ ကရုဏာ ကျေးဇူး မေတ္တာတော်ကြောင့် ထာဝရ အသက်ရှင်ခြင်း သုခ အပေါင်းတို့ စံမြန်းရာ သုခဘုံ လမ်းအား တွေ့မြင် ရရှိသွားမည်အမှန်ပါ။ လမ်းပြကြယ် ကယ်တင်ပိုင်ရှင် သခင်ယေရှုအား အကြွင်းမဲ့ ယုံကြည်ခြင်းဖြင့် ဆက်ကပ်ကြပါစို့။

---

# ဒေါ်လာနှစ်ဆယ်

**ဟုတ်ကဲ့ ဒေါ်လာနှစ်ဆယ်လေးနဲ့ပါ** Dailian Paw



အံ့သြဖွယ် တိုင်ပင်ဘက် တန်ခိုးကြီးသော ဘုရား သခင် ထာဝရအဘ ငြိမ်သက်ခြင်း အရှင်။ ကျမ ငယ်ငယ်က စပြီး အခုအချိန်အထိ ရေတွက်လို့ မကုန် နိုင်တဲ့ ဘုရား သခင်ရဲ့ ကောင်းမြတ်ခြင်းတွေကို ခံစား ခဲ့ရပါတယ်။ မဿဲ ၅း၇ (သနား စုံမက် တတ်သော သူတို့ သည် မင်္ဂလာရှိကြ၏။) အတိုင်း ကျမ အသက်ရှင်ပါတယ်။ ဘုရား သခင် ကောင်းမြတ်ခြင်းတွေကို အသေးအဖွဲ လေးကအစ ငယ်ငယ် ကတည်းက စ ရေးပြ ရရင်။ ကျမ ဒုတိယတန်း ကျောင်းသွားတက်တဲ့ အရွယ်မှာ အိမ်ကနေ ရွာအလယ်က ကျောင်းကို အသွားလမ်းမှာ ချောင်းလေးတစ်ခု ရှိပါတယ်။ တောရွာ လေးဆိုတော့ အချိုရည်ဘာလီပုလင်းဟောင်းနဲ့ ရေနွေးလေး ထည့်ပြီး ကျောင်းကို ယူသွားရပါတယ်။ ချောင်းက တံတားကို အဖြတ်မှာ ကလေးဗီဗီ ရေနွေးပုလင်းလေးကို ကြိုးလေးနဲ့ ဆွဲပြီး ချောင်းရေအတိုင်း မျှောပြီး ကစားသွားတတ်ပါတယ်။ တစ်နေ့မှာ ပုလင်းလေး အတွင်းက ရေပူနဲ့ ချောင်းရေအေးရဲ့ ထိတွေ့မှုမှာ အပူအအေး အပြောင်း အလဲ ကြောင့် ပုလင်းလေးကွဲသွားပါတယ်။ ပုလင်းလေး ကွဲသွားတတ်တဲ့ အတွက် အိမ်ပြန် ရောက်ရင် အမိုး မဆူပါစေနဲ့လို့ ကလေးဗီဗီ ဆုတောင်းရပါတယ်။ အဲဒီအရွယ်မှာ အဲဒီ ပြဿနာဟာ ကျမအတွက် တော်တော်ကြီးတဲ့ ပြဿနာပါဘဲ။ ကလေးရဲ့ ဆုတောင်း ချက်လေးက ရိုးရိုးလေးပါဘဲ။ ဘုရားသခင် ပုလင်း ကွဲသွားတဲ့ အတွက် အမိုး ကျမကို မဆူပါစေနဲ့ အမိုးရဲ့ အဆူကိုခံရရင် ကျမ ဘုရား ကျောင်း မတက် တော့ဘူးလို့ ဘုရားကို ဆုတောင်းလိုက်ပါတယ်။ (လူသား ဗီဗီ အဲဒီ အရွယ် ကတည်းက ဘုရားကို အကျပ်ကိုင် တတ်နေပါပြီ။) အိမ်ပြန် ရောက်တော့ အဟားဟားဟား။ အိမ်မှာ ဒီလို ပုလင်းတွေ အများကြီးဘဲ အမိုး မသိအောင် အသာလေး အသစ်တစ်လုံး လဲလိုက်မယ်လို့ အပြစ် လုပ်ချင်တဲ့ ကလေး စိတ်က ဝင်လာပါတယ်။ ပုလင်းလဲဖို့ လုပ်နေတုံးမှာ အမိုးနဲ့ ထိပ်တိုက် တွေ့တော့ ရယ်ကျဲကျဲလုပ်ရင်း အဖြစ်မှန်ပြောပြလိုက်တဲ့အခါ ကျမ ဆုတောင်းထားတဲ့ အတိုင်း အမိုးက ကျမကို မဆူခဲ့ပါဘူး။

နောက်ထပ် အသေးအဖွဲ သက်သေခံချက်လေးကတော့ အပါးနဲ့ ကျမ အကြိုက်တူတဲ့ ကိစ္စပါဘဲ။ ရွာမှာက ဧည့်သည်လာရင် အိမ်ရှင် ဝ ။ ဆိုတဲ့ စကားရှိပါတယ်။ လာချင်တဲ့ ဧည့်သည် လာခဲ့ ကျမတို့ အိမ်မှာဧည့်ခံဖို့ ကြက်တွေ အများကြီး မွေးထားပါတယ်။ တစ်နေ့ ဧည့်သည်လာလို့ ကြက်သားဟင်းချက်ပြီး အပါးကြိုက်တဲ့ ကြက် အသည်း အမြစ်ကို ဘီရိုထဲ အမိုးက သိမ်းထားတာကို ကျမက ခိုးစားလိုက်ပါတယ်။ အမိုးက ကြောင်မ မိပြီ ဆိုပြီး ပက်ပင်းတိုး မိသွားပါတယ်။ အမိုးက မဆူဘဲ လူကြီးတွေ အရင် ဟင်းခိုး စားရင် ဆံပင်ဖြူ လိမ့်မယ်လို့ ခြောက်လှန့်ခဲ့ပါတယ်။ ကျမတို့ ရွာမှာ ကျောင်းက လေးတန်း အထိဘဲ ရှိတယ်။ ငါးတန်းက စပြီး ဆယ်တန်းအထိ အင်းစိန်မှာ ကျောင်းသွား တက်ရပါတယ်။ အလုပ်လုပ်လိုက် ကျောင်းတက်လိုက်နဲ့ အပါးက အသွားအပြန် လိုက်ပို့ပေးပါတယ်။ အဲဒီက တဆင့်ပြီး တဆင့် စင်ကာပူ ရောက်လာခဲ့ ပါတယ်။ ကျမ အခု အလုပ်လုပ်တဲ့ အိမ်က ဆရာနဲ့ ဆရာမက အေးအေး ဆေးဆေး ပါဘဲ။ အရမ်း သဘောကောင်းပါတယ်။ စင်ကာပူမှာ ကျမ ရတဲ့ လခလေးနဲ့ အိမ်ကို ပို့လိုက် ကျန်တာလေး သုံးလိုက်နဲ့ ဘဏ်ထဲမှာ စုဆောင်းငွေ တစ်ပြားမှ မရှိသလို လစဉ် ဝင်ငွေနဲ့ ထွက်ငွေက ရရစားစား ကွက်တိပါဘဲ။ တစ်နေ့တော့ ကျမ ဘုရား ကျောင်း သွားခါနီး သုံးစရာ ပိုက်ဆံ မရှိလို့ ဆရာမရဲ့ အမေဆီမှာ ပိုက်ဆံ နှစ်ဆယ် ခန ချေးလိုက်ပါတယ်။ လခ ထုတ်ရင်ပြန်ပေးမယ်လို့ပြောလိုက်ပါတယ်။ ချေးလာတဲ့ ဒေါ်လာ နှစ်ဆယ်လေး ထဲ့ပြီး ဘုရားကျောင်းကို လာခဲ့ပါတယ်။ ဘုရားကျောင်း ရောက်တဲ့အခါ အတွင်းရေးမှူးနဲ့ သင်းအုပ်ဆရာက ဘုရားကျောင်း ဆောက်ဖို့နဲ့ မြေနေရာ ဝယ်ဖို့ ဆောက်လုပ်ရေး အလှူခံတဲ့အတွက် စိတ်တို့ထိလာတာနဲ့ ကျမ ချေးလာတဲ့ (လမ်းမှာ ထမင်းစားဖို့ အသေး သုံးဖို့) ငွေလေး နှစ်ဆယ်ကို အကုန်လုံး အလှူငွေ ထည့်လိုက်မိပါတယ်။ ဘုရားကျောင်းဆင်းရင် ထမင်းဝယ်စားဖို့တောင် ပိုက်ဆံ တစ်ပြားမှ မရှိတော့ပါဘူး။ ဒါပေမဲ့ ထမင်းစားဖို့ ကျမ မပူပါဘူး။ ဘုရား အတွက် ဘဏ်ထဲမှာ၊ ပိုက်ဆံအိတ်ထဲမှာ တစ်ပြားမှ မကျန်လို့ ချေးလာတဲ့ ရှိသမျှ ငွေကို အကုန်လှူလိုက်ရလို့ အရမ်းဝမ်းသာပါတယ်။ မာလခိ ၃း၁၀ မှာ ဘုရားသခင်က မိုးကောင်းကင် ပြူတင်းပေါက်ကို ဖွင့်ပြီးပေးမယ်တဲ့။ အဲဒီနေ့က ဘုရားကျောင်းက အပြန်မှာ ကျမကို ထမင်းဝယ်ကျွေးတဲ့ သူရှိပါတယ်။ နောက်လ ကျတော့ ကျမ မွေးနေ့ ဖြစ်လို့ ဆရာမရဲ့ အဖွားက ဟက်ပီးဘာ့သ်ဒေး လို့ပြောပြီး စာအိတ် တစ်အိတ် လာပေးပါတယ်။ ဖွင့်ကြည့်လိုက်တော့ ဘယ်သူမှ ကျမကို မပေးဖူးတဲ့ ငွေတွေကို တွေ့လိုက်ရပါတယ်။ တစ်ခါတည်းမှာဘဲ ဆရာမက ကျမရဲ့ လုပ်အားခကို ခါတိုင်းနှစ်တွေထက် ပိုပေးခဲ့ပါတယ်။ အဖွားဆီက ချေးပြီး ဘုရားကျောင်း ဆောက်လုပ် ရေးအတွက် အိတ်သွန် ဖာမှောက် ထည့်လိုက်ရတဲ့ ငွေလေး ဒေါ်လာ နှစ်ဆယ်ကိုလဲ အဖွားက ပြန်မပေးပါနဲ့တော့တဲ့။ အဲဒီတုံးက ကျမ ဘုရားကို တစ်ပြားမှ မကျန် လှူလိုက်တာ ဒေါ်လာ နှစ်ဆယ်လေးပါ။ ဘုရားသခင်က မကြာခင်မှာ ဆယ်ဆထက် မကတဲ့ကောင်းကြီးတွေ ပြန်ပေးခဲ့ပါတယ်။ ကျမလဲ ဘုရားသခင်က ငါ့ကို ငယ်ငယ်လေး ကတည်းက စောင့်ရှောက်ပြီး မိုးကောင်းကင် တံခါးကို ဖွင့်တဲ့ အထိ ကောင်းကြီးပေးပါလားလို့ ခံစားလိုက်ရတော့ ပိုပြီး လှူချင် စိတ်တွေ ပေါ်လာ ခဲ့ပါတယ်။ နောက်လဲ အသက်ရှင်နေသရွေ့ ဘုရားသခင်အတွက် လှူနေအုံးမယ်လို့ သက်သေခံ ဝေငှရင်း သခင့်စကား ပရိတ်သတ်များ အားလုံးလဲ မိမိ ခံစားရသမျှ အထဲက ဘုရားကို ပြန်လှူကြပါလို့ ဆန္ဒပြုရင်း ---။ ။Dailian Paw.

---

# အစောင့်အရှောက်

**အစောင့်အရှောက်** ဘာသာပြန်စာမူ(ဦးသန်းစိုး)

တစ်ခါတစ်ရံ ကျမ ခင်ပွန်းသည်အနေဖြင့် အလုပ်တာဝန်နဲ့ ပတ်သက်ပြီး ခရီးဝေး ထွက်ရတဲ့ အခါ ကျမနဲ့ ကလေးသုံးယောက်ဘဲ အိမ်မှာ ကျန်နေခဲ့ရတတ်ပါတယ်။ အထူးသဖြင့် ခင်ပွန်းသည်အတွက် ပူပန်စိတ်များ ဖြစ်ရသလို ညအခါမှာလဲ



စိတ်အားငယ် ကြောက်ရွံ့သလို ခံစားရတတ်ပါတယ်။
ကျမတို့ ဂျပန်နိုင်ငံမှာ သံရုံးမိသားစု (အမေရိကန်) အနေနဲ့ သွားရောက် နေရတဲ့အခါမှာလဲ ကျမ ခင်ပွန်းသည်က အလုပ်တာဝန်နဲ့ နယ်ကို ညအိပ် ခရီးသွား ရဖို့ အကြောင်းဖန် လာပါတယ်။ အဖေ ခရီးသွားရမယ် ဆိုတာကို သိတဲ့ သမီးငယ်ဟာ ကျောင်းလွှတ်လွှတ်ချင်း အဖေ့ကို နှုတ်ဆက်ဖို့ အိမ်ကို စောစော ပြန်လာခဲ့ပါတယ်။ အဲဒီတုံးက သမီးငယ်ဟာ မူလတန်းကျောင်းမှာ ပထမအဆင့်ဘဲ ရှိပါသေးတယ်။ သမီးငယ်က သူ့ အကျင့် အတိုင်း အိမ်ရောက်ရောက်ချင်း ယနေ့ ကျောင်းမှာ ဆွဲရတဲ့ ပန်းချီကား တစ်ခုကို ကျမကို စစ်ပေးဖို့ လွယ်အိတ်ထဲက ထုတ်လိုက်ပါတယ်။ သမီးငယ် ဆွဲထားတဲ့ အိမ်ပုံစံက ကျမတို့ နေနေတဲ့ အိမ်နဲ့ တော်တော်လေး တူပါ တယ်။ လှလဲ လှပါတယ်။ ဒါပေမဲ့ အိမ်အမိုးပေါ်က ဆွဲထားတဲ့ အရာတစ်ခုကို ဘာမှန်း ကျမ စဉ်းစားလို့ မရတဲ့အတွက် သမီးဆွဲထားတဲ့ အိမ်ပုံစံက သိပ်လှ သိပ်ကောင်းတာ ဘဲ။ သမီးက တော်တယ်။ ဒါပေမဲ့ မေမေတို့ အိမ်ခေါင်မိုးပေါ်က ဟာက ဘာပုံလဲ ငှက်နဲ့ တူတယ်လို့ ကျမ က မေးပြောလေး ပြောလိုက်မိပါတယ်။

သမီးက ကျမကို မေမေကလဲ ဒါတောင် မသိဘူးလားဆိုတဲ့ အကြည့်မျိုးနဲ့ တစ်ချက်လှမ်းကြည့်ပြီး။ မေမေက တကယ် မသိတာလား။ အဲဒါ သမီးတို့ မိသားစုကို အမြဲစောင့်ရှောက်နေတဲ့ ကောင်းကင်တမန် ပုံလေတဲ့။

ကျမ က ဘုရားသခင်ကို အားကိုးဖို့ မေ့ပြီး ကြောက်နေပေမဲ့ သမီးလေးက အရွယ်နဲ့ မလိုက်အောင် သတိရ တာကြောင့် အံ့သြရပါတယ်။ တစ်ခါတစ်ရံ ကလေးငယ်များရဲ့ အပြု အမူအယာ ယုံကြည်ချက် အပြောအဆို စကားလုံးများသည် လူကြီးများရဲ့ စိတ်ထဲမှာ တစ်သက်တာ စွဲမှတ်သွားအောင် အဓိပ္ပါယ် ပြည့်စုံလှပါတယ်။ ဘုရားသခင်က တစ်ခါတစ်ရံမှာ ကလေးငယ်များအားဖြင့် လူကြီးများကို ဆုံးမတတ်ပါတယ်။ ဆာလံ ၉၁း၁၁ သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှာ ကောင်းကင်တမန်တို့ကို သင့်အဖို့ မှာထားတော်မူသည်ဖြစ်၍ သင်၏ ခြေကိုကျောက်နှင့် မထိမခိုက်စေခြင်းငှာ သူတို့သည် သင့်ကို လက်ဖြင့် မစချီပင့်ကြလိမ့်မည်။

သမီးရဲ့ ပန်းချီကားချပ်နှင့် လွယ်အိတ်လေးကို ချိတ်ပေးရင်း ငယ်ရွယ်သော သမီးငယ်မှ တဆင့် ရရှိခဲ့တဲ့ သင်ခန်းစာကြောင့် ခင်ပွန်းသည် မရှိရင် ကြောက်တတ်တဲ့ စိတ်တွေ ပျောက်ကွယ် ခဲ့ရပါတော့တယ်။ ။ ဦးသန်းစိုး

(ဝန်ခံချက် ။ Geneva Cobb Lijima Oregon အား ဘာသာပြန်ဆိုပါသည်)

---------------------------------------

**သက်သေခံချက်** (ဘုံးဘော-Mai AA Aung)


ကျမ စင်ကာပူကို အိမ်အလုပ်နဲ့ ရောက်လာတဲ့အချိန်မှာ အိမ်ရှင် ၃ခါ ပြောင်းခဲ့ရပါတယ်။ မြန်မာပြည်က ပွဲစားအိမ်မှာ သင်းအုပ်ဆရာ နှစ်ယောက်က ကျမ စင်ကာပူမှာ အလုပ်လုပ်တာ အဆင်ပြေဖို့ အိမ်ကောင်းရဖို့ ဆုတောင်းပေးခဲ့ပါတယ်။ ပထမ အိမ်ရှင်က ချက်ပြုတ်စရာမလိုဘူး။ လစာမြင့်ပြီး ပိတ်ရက်လဲ ရှိပါတယ်။ ဒါပေမဲ့ ကျမရဲ့ အိမ်ပြန်ချင်တဲ့ စိတ်ကြောင့် တစ်လအတွင်းမှာ အေးဂျင့်ကို အိမ်ပြန် ချင်ကြောင်း ပြောပြီး အလုပ်ထွက်ခဲ့ပါတယ်။ နောက်တစ်အိမ် ထပ်ပြောင်းတော့လဲ ကက်သလစ် ယုံ ကြည်သူ မိသားစု ဖြစ်ပါတယ်။ သူတို့ ကျမကို မိသားစု ဝင်လို စောင့်ရှောက် ကြပါတယ်။ ကျမ ချက်ပြုတ် ပေးတာကိုလဲ သူတို့ သိပ်ကြိုက်ကြပါတယ်။ တနင်္ဂနွေ နေ့ တိုင်းလဲ သူတို့နဲ့အတူတူ ဘုရားကျောင်း တက်ခွင့်ရပါတယ်။ ဘုရားကျောင်းမှာ ဘုရား ဝတ်ပြုနေတုံး အပြင်မှာ မိုးတွေ ရွာနေတာကို ကြည့်ရင်း ကျမ ငိုချလိုက်မိပါ တယ်။ အိမ်ရှင်က တော်တော် စိတ်မကောင်းဖြစ်သွားပြီး ဘာဖြစ်တာလဲလို့ မေးတော့ ကျမ က အိမ်ပြန်ချင်တဲ့အကြောင်း ပြောလိုက်မိပါတယ်။ အိမ်ရှင်က သူတို့ မကူညီ နိုင်ကြောင်း ပွဲစားနဲ့ ဆိုင်တဲ့ အတွက် ပွဲစားအိမ် ပြန်ပို့ခဲ့ပါတယ်။ ၄လ လေးနဲ့ အေးဂျင့်အိမ် ပြန်ရောက်ခဲ့ရပြန်ပါတယ်။



အေးဂျင့်အိမ်မှာ အလုပ် မရဘဲ အိမ်ရှင် စောင့်နေတဲ့ ကောင်မလေးတွေကို တွေ့တော့ အိမ်ရှင် အလုပ်ရရဲ့သားနဲ့ အိမ်လွမ်း လို့ ပြန်ချင်တဲ့ ကျမရဲ့ စိတ်ဓါတ်ကြောင့် ကိုယ့်ကိုယ်ကို နောင်တ ရမိပါတယ်။

ကျမ ငယ်ငယ်ကတည်းက ပညာရေးမှာ အရမ်းညံ့ဖျင်းခဲ့ပါတယ်။ ၆တန်း ကတည်းက ငှက်ဖျား ရောဂါရပြီး ကျန်းမာရေး မကောင်းခဲ့ပါဘူး။ ဒါပေမဲ့ ကျမ်းစာဖတ် ဆုတောင်းခြင်းဖြင့် အဝေးသင် ပြီးတဲ့တိုင်အောင် ကျရှုံးခြင်း မရှိဘဲ အောင်မြင် ခဲ့ပါ တယ်။ ဒါတွေဟာ အသင်းသူ အသင်းသားများရဲ့ ဆုတောင်းပေးခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ ကျမ နောက်ဆုံးအိမ် အလုပ်ရတဲ့ အချိန်မှာ သူဌေးမကို ဘုရားကျောင်း တက်ချင်ကြောင်း ပြောပြတော့ သူဌေးမက ဘုရားသခင်သာ စိတ်ထဲရှိဖို့ အဓိက တဲ့။ ဘုရားကျောင်း သွားတက်တယ်ဆိုတာ အလုပြ သက်သက်ဘဲတဲ့။ ကျမ စိတ်ထဲမှာ တော့ ဘုရားသခင်ကို စိတ်နှလုံးထဲ ခေါ်ဖိတ်ထားဖို့ လိုတဲ့အပြင် ယုံကြည်သူအချင်း ချင်း မိတ်သဟာယ ဖွဲ့ဖို့ ဘုရားကျောင်းတက် ကျမ်းစာသင်တန်း တက်ဖို့ လိုအပ်ပါတယ်။ (ဘုံးဘော-Mai AA Aung)

---------------------------------------



**သက်သေခံချက်** ဖိုးသဒါး (ပုသိမ်)

မစိုးရိမ်နှင့်။ ငါသည် သင့်ဘက်မှာ ရှိ၏။ သင်၏ ဘုရားသခင် ငါသည် သင့်ကို ခိုင်ခံ့ စေမည်။ သင့်ကို စောင့်မမည်။ ငါ့သစ္စာ လက်ယာလက်ဖြင့် ထောက်ပင့်မည်။ ဟေရှာယ ၄၁း၁၀။ ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင် မစ ခြင်း အကြောင်းများကို သက်သေခံ ရေးသား လိုက်ပါတယ်။


မြန်မာပြည်မှာတုံးက ကျမ ကျောင်းပြီးရင် အလုပ်တန်းရဖို့ ဘုရားဆီမှာ ဆုတောင်းခဲ့ပါတယ်။ ၂၀၀၇ စက်တင်ဘာလမှာ ကျောင်းပြီးတော့ အင်တာဗျူး ဝင်စရာမလိုဘဲ အလုပ် တန်းရခဲ့ပါတယ်။ ဒါပေမဲ့ ကျမ အလုပ်ကို လက်လွှတ်ဆုံးရှုံးခဲ့ပါတယ်။ ဇော်လန်ဒီယာ ဘဝနဲ့ ၂၀၀၉ ခုနှစ်မှာ အလုပ်ပေါင်းစုံ လုပ်ခဲ့ပါတယ်။ စင်ကာပူကို သွားလုပ်ချင်တဲ့ စိတ်ကြောင့် မိုးပါး ကို ပြောပြပြီး စင်ကာပူမှာ အလုပ်လုပ်ဖို့ ထွက်လာခဲ့ပါတယ်။ ၂-၁၀-၂၀၀၉ ခုနှစ်မှာ စင်ကာပူကို ရောက်လာခဲ့ပါတယ်။ ထုံးစံအတိုင်း မြန်မာပြည်မှာ ကတည်းက ဘုရားသခင်ကို သိသော အိမ်ရှင်မိသားစု အလုပ်ရှင်နဲ့ သူငယ်ချင်းကောင်း များနှင့် တွေ့ဆုံနိုင်ပါစေလို့ ဆုတောင်းခဲ့ပါတယ်။ ဘုရားသခင်ဘက်ကတော့ ဆုတောင်းတဲ့အတိုင်း အဆင်ပြေခွင့် ပေးပါတယ်။ ကျမ က ကလေး လုံးဝ မထိန်းတတ်တဲ့ အတွက် ဒုက္ခရောက်ခဲ့ပါတယ်။ တစ်နေ့တော့ အိမ်ရှင်တွေရဲ့ မယုံ သင်္ကာမှုကြောင့် အေးဂျင့်ဆီ ပြန်ပို့ခံထိပါတယ်။ ဒုတိယအိမ်ကို ရောက်ခဲ့ပြန်ပါတယ်။ ယုံကြည်သူ အိမ်ဖြစ်ပေမဲ့ အိပ်ရေး မဝ။ အစာ မဝ ကိုယ်ထိလက်ရောက် ကျူးလွန်မှုကိုလဲ ခံခဲ့ရပါတယ်။ ညဘက် သန်းခေါင်ကျော် ၂နာရီမှ အိပ်ရတဲ့အပြင် အိပ်လို့ကောင်းတဲ့အချိန် သန်းခေါင်ကျော် ၃နာရီတစ်ခါ ၅နာရီတစ်ခါ နေ့တိုင်း ခေါ်နှိုးပါတယ်။ ကျမ အတွက် တကယ် မမေ့နိုင်တဲ့ နေ့ရက်တွေပါဘဲ။ တိုက်ပေါ်က ခုန်ချ သေလိုက်ပါလားလို့ ကျမရဲ့ အိမ်ရှင် ဘွားတော်နဲ့ ဆရာမတွေက ပြောပါတယ်။ အဲဒီ အချိန်တုံးကသာ ကျမ စိတ်ကို မထိန်းနိုင်ခဲ့ရင် ကျမ သေသွားနိုင်ပါတယ်။ ကြိုးစားပြီး သည်းခံခြင်းနဲ့ ကြိတ်မှိတ် ခံခဲ့ရပါတယ်။ ကျမဟာ ဝိညာဉ်ရေးရာ အားနည်းပြီး ဆုတောင်းဖို့ ကျမ်းစာဖတ်ဖို့ အချိန် မရှိသလို ဘုရားသခင်နဲ့လဲ ဝေးကွာသွားခဲ့ပါတယ်။ အိမ်ရှင် ဆရာမက ကျမကို မြန်မာပြည် ပြန်ပို့ဖို့ အထိ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ သူ ကျမကို ဘာမှ လုပ်လို့ မရပါဘူး။ မြန်မာပြည်ပြန်ဖို့က ကျမနဲ့ အေးဂျင့်နဲ့ဘဲ ဆိုင်ပါတယ်။ ပွဲစားခ က မကျေသေးလို့ ဖြစ်ပါတယ်။ ကျမဟာ အသုံးမကျတဲ့ သူတစ်ယောက်လို ကိုယ့်ကိုယ်ကို ခံစားမိပါတယ်။ အလုပ် ၂ခုကို အချိန်တိုတိုနဲ့ ပြောင်းခဲ့ရလို့ ဘုရားသခင်ကို အပြစ်တင်ခဲ့မိပါတယ်။ ဘုရားသခင် သမီးကို မချစ် ဘူးလား။ စင်ကာပူမှာ အလုပ်လုပ်ဖို့ အလိုတော် မရှိဘူးလား။ ဒီတစ်ခါ နောက်ဆုံး အခွင့်အရေးတစ်ခု ပေးပါလို့ ဆုတောင်းမိပါတယ်။ ကျမကို နောက်ဆုံး အိမ်ရှင်နဲ့ ပေးတွေ့ပြီး ကလေး မကြည့်ရတဲ့ အိမ်ကို ပေးပါ။ အလုပ်ပြုတ်ပြီး မြန်မာပြည် မပြန်ချင်လို့ ပါလို့ ဆုတောင်းမိပါတယ်။ ကျမ ကသာ ဘုရားသခင်ကို အပြစ်တင်နေပေမဲ့ ဘုရားသခင်က ကျမကို အမြဲ ခွင့်လွှတ်ခဲ့ပါတယ်။ နောက်ဆုံး အိမ်ဖြစ်တဲ့ ကျမ လက်ရှိလုပ်နေတဲ့ အိမ်ကို ပြင်ဆင်ပေးခဲ့ပါတယ်။ ဒီအိမ်မှာတော့ အစား၀၊ အအိပ် ၀၊ အချိန်လဲ အားလပ် နေပါတယ်။ ကျမ်းစာ ဖတ်ခြင်းနဲ့ဘဲ အလုပ်ကို လုပ်နိုင်ခဲ့ပြန်ပါတယ်။

ရောမ ၁၂း၁၂ မျှော်လင့်လျှက် ဝမ်းမြောက်ကြလော့။ ဆင်းရဲ ဒုက္ခ ရောက်သောအခါ သည်းခံကြလော့။ ဆုတောင်း ပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့။ ဆာလံ ၂၇း၁၄ ထာဝရဘုရားကို မျှော်လင့်လော့။ အားယူ၍ ရဲရင့်သော စိတ်နှလုံးရှိလော့။

ဘုရားသခင်နဲ့ ဆက်ကပ်လေလေ၊ စာတန်မာရ်နတ်ကလဲ လိုက်ကပ်လေလေပါဘဲ။ သက်သေခံချက်လေးကို ဖတ်ရှုသူ အားလုံးအပေါ် ဘုရားသခင်ကောင်းကြီးပေးပါစေ။ ဖိုးသဒါး ( ပုသိမ်)

# အုတ်တစ်ချပ်သဲတစ်ပွင့်

**အုတ်တစ်ချပ် သဲတစ်ပွင့်** ပသီပါစီ- တွံတေး ဆဲဂေးထူး



ရောမ ၅း၈ ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍ ------ ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ---- ထင်ရှားစွာ ပြတော်မူ၏။

ဘုရားသခင်ရဲ့ ပို့ဆောင်မှုကြောင့် စင်ကာပူမှာ ၃နှစ် ကျော် အလုပ်လုပ်ခွင့် ရရှိခဲ့ ပါတယ်။ ရောက်ရောက်ချင်း အလုပ် အဆင်မပြေတော့ မျက်ရည်နဲ့ အဖော်လုပ်ပြီး ဘုရားသခင်ကို အပြစ်တင် ခဲ့မိပါတယ်။ စင်ကာပူ ရောက်ရောက်ချင်း အိမ်ဖော် အလုပ် လုပ်ရပြီး ခွင့်ရက် မရှိ။ ဖုန်း ကိုင်ခွင့်မရ။ ခရစ္စမတ်နေ့လေးတောင် အပြင်သွားခွင့် မရ တော့ အပါတ်စဉ် ဘုရား ကျောင်း တက်ဖို့ဆိုတာ ဝေလာဝေးပေ့ါ။ ဒုတိယ အိမ်ပြောင်း တော့ အပြင် ထွက်ခွင့်ရလာပါတယ်။ အလုပ်ချိန်များတော့ ကျမ်းစာဖတ်ဖို့ အချိန် ကောင်းကောင်း မပေးနိုင်ခဲ့ပါဘူး။ ကျမရဲ့ အသက်တာက သဲကန္တာရထဲမှာ ပေါက်တဲ့ အပင်လေး လိုပါဘဲ။ မြစ်နားက အပင်လေးဘဲ ဖြစ်ချင်ပါတယ်။ မျက်ရည်များနဲ့ ဆုတောင်းရင်း ဘုရားသခင်က ကျမ်းစာဖတ်ချိန် ဆုတောင်းချိန်ရတဲ့ ဘုရားကျောင်း တက်ခွင့်ရတဲ့ အလုပ်ရှင်နဲ့ တွေ့ဆုံခွင့်ပေးခဲ့ပါတယ်။ ကျမတို့ ဘဝက သုညဖြစ်နေပေ မဲ့လဲ ဘုရားသခင်က သုံးချင်ပါတယ်။ ကိုယ်ကသာ အသုံးခံချင်တဲ့ စိတ်ရှိဖို့ လိုအပ် ပါတယ်။ ဒီလိုနဲ့ ကျေးဇူးတော်ကြောင့် စင်ကာပူမှာ ဆက်ကပ်နေတဲ့ ဆရာဇနီး မောင်နှံနဲ့ တွေ့ဆုံမိပြီး သူတို့နဲ့ အတူ ဘဝတူ အိမ်ဖော် အလုပ်သမလေးတွေကြား မှာ သာသနာပြုခွင့် ရလာခဲ့ပါတယ်။ မဿဲ ၅း၁၉-၂၀ ထဲမှာ အကြင်သူသည် ကိုယ်တိုင် ကျင့်၍ သူတပါးအားလဲ သွန်သင်၏ ထိုသူသည် ကောင်းကင်နိုင်ငံ၌ ကြီးသောသူ ဖြစ်လိမ့်မည်။ တဲ့။ အလုပ်များတဲ့ စင်ကာပူနိုင်ငံလေးမှာ ဘုရားသခင် အတွက် ဆက်ကပ်နေတဲ့ ဆရာတွေနဲ့ မိုးရေ အစိုခံ။ ခိုချေးနံ့ သင်းတဲ့ အပင်အောက် နေရာ ခုံတန်းလျားလေးနားမှာ ထမင်းလက်ဆုံစားရင်း စင်ကာပူ တောင်ကုန်းလေးမှာ သာသာနာပြုခွင့် ရခဲ့ပါတယ်။ ကျမတို့ ဘဝက အသုံးမကျပေမဲ့ ဘုရားသခင် အတွက်သာ ဆက်ကပ်ပါက ဘုရားသခင်က အသုံးပြုမည်ဖြစ်ကြောင်း စင်ကာပူ ရောက် သာသနာပြု ဆရာများနှင့် သခင့်စကား အယ်ဒီတာအပေါ် ဘုရားသခင် သာ၍ ကောင်းကြီးပေးပါစေ။ အမိမြေသို့ ပြန်သွားပြီဖြစ်တဲ့ - ပသီပါစီ - တွံတေး ဆဲဂေးထူး

---

# သက်သေခံချက်

**သက်သေခံချက်** မေးမေ




ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျမ ဘဝ အသက်တာ ပြောင်းလဲ ခြင်း အကြောင်းသက်သေခံလိုပါတယ်။

ကျမ ဟာ နှစ်ခြင်း မင်္ဂလာခံယူပြီး ခရစ်တော်ကို ယုံကြည် လက်ခံခဲ့တဲ့ သူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ ခရစ်တော်ကို နှလုံးသားနဲ့ လက်ခံခဲ့တာ မဟုတ်ဘဲ ဦးနှောက် အသိနဲ့ဘဲ လက်ခံခဲ့တာ ဖြစ်ပါတယ်။ အမည်ခံ ခရစ်ယာန် တစ်ယောက်အဖြစ် အသက် ရှင်ခဲ့မိပါတယ်။ ကျမ်းစာဖတ်၊ ဆုတောင်း၊ အသင်းတော်မှာ ပါဝင်ခဲ့ပါတယ်။ အဲဒါတွေ အားလုံးဟာ စိတ် နှလုံးသားနဲ့ လုပ်နေတာ မဟုတ်ဘူးဆိုတာ ကျမ ပြောင်း လဲပြီး နောက်ပိုင်းမှ သိလာခဲ့ရပါတယ်။ အဲဒီလို နေထိုင်ခဲ့တဲ့ ကျမဟာ ယုံကြည် ခြင်းတွေ ယိမ်းယိုင်ခဲ့ပါတယ်။ ဘုရားသခင်က ချစ်နေတဲ့အတွက် သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့် နောင်တ ရဖို့ ကျမကို ပြောင်းလဲ ပေးခဲ့ပါတယ်။ ဟိုအရင်က အသက်တာမှာ သေရမှာ အရမ်း ကြောက်ခဲ့ ပါတယ်။ သေပြီးရင် ဘာဖြစ်မလဲဆိုတာ တွေးရင် ပိုပြီး တော့တောင် ကြောက်မိပါ တယ်။ အချိန်တန်တဲ့အခါမှာ ဘုရားသခင်က ကျမ အသက် တာကို ပြောင်းလဲ ပေးခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် စင်ကာပူမှာ အလုပ် လာလုပ် ခွင့်ရခဲ့ပါတယ်။ မိသား စုနဲ့ ဝေးနေချိန်မှာ အားကိုးစရာ ဘုရားသခင်ဘဲ ရှိခဲ့ ပါတယ်။ အရင်တုံးက မိသားစုဆိုတဲ့ တောင်ရိုးကြီးက ကာနေတော့ ဘုရားကို တိုက်ရိုက် အား မကိုး မိခဲ့ပါဘူး။ ဟိုးအရင်တုံးက ဘုရားကျောင်းသွားခဲ့ သီချင်းတွေ ဆိုခဲ့ပေမဲ့ အနှစ် အရသာ မရှိခဲ့ပါဘူး။ အခုဆိုရင် ခရစ်တော်ဘုရားကို ကျမ နှလုံးသား ထဲမှာ အုပ်စိုး နေရာယူခွင့် ပေးပြီး ကျမ ဘဝအသက်တာကို မောင်းနှင်ခွင့် ပေးလိုက် ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘုရားသခင်ကို ကျမ ချစ်တတ်လာပြီး ကိုယ်နဲ့ စပ်ဆိုင်တဲ့ သူတွေ၊ တိုင်းတပါး သားတွေကိုပါ ချစ်တတ်လာခဲ့ပါတယ်။ ခရစ်တော်ကို လက်ခံပြီး နောက်ပိုင်း မှာ ကျမ ဘဝ ဟာ သိသိသာသာပြောင်းလဲ ခြားနားသွားခဲ့ပါတယ်။ နိမ့်ချ ခြင်းတွေ သည်းခံ ခွင့်လွှတ်ခြင်းတွေကို အရင်ကထက် ပိုပြီးလုပ်နိုင်ခဲ့ပါတယ်။ ဖိ ၄း၁၃ အရင်တုံးက ခရစ်တော် အကြောင်း ပြောဖို့ ဝန်လေးခဲ့၊ ရှက်ခဲ့ ပေမဲ့ အခုဆိုရင် ဘုရားသခင် ကောင်းမြတ် ကြောင်းတွေကို သူတပါးကို သက်သေခံ ပြောပြ လာနိုင် ခဲ့တယ်။ စာဖတ်သူ မိတ်ဆွေကို ကယ်တင်ခြင်းစိတ်ချရပြီလားလို့ တစ်ယောက် ယောက်က မေးလာခဲ့ရင် သင့်အသက်တာကို ပြန်လည်ဆန်းစစ်ပါ။ ကျမလို နောင်တ ရနေမှာ စိုးလို့ပါ။ ဘုရားသခင်ထံ အချိန် မနှောင်းခင် အရောက်ပြန်လှဲ့လာပါလို့ မေတ္တာနဲ့ ရေးသား သက်သေခံ သတိပေးလိုက်ပါတယ်။ရောမ ၅း၈။ ။ မေးမေ

---

# တကျာနဲ့ပါဝါ

**တကျာနဲ့ပါဝါ - ၆** (ဖွန်ပန်း)



မေးခွန်းလေးတစ်ခု မေးချင်ပါတယ်။ အလုပ်ရှင်တွေရဲ့ ရှေ့မှာ ရိုးသား ဟန်ဆောင် နေပြီး ကွယ်ရာမှာ ဂျင်လို လည်နေတဲ့ သူတွေက နာမည်ကောင်းရပြီး အလုပ်ရှင် အလို ကျ စည်းကမ်း ဘောင်ထဲက နေထိုင်တဲ့သူတွေကျတော့ အငြိုငြင်ခံရ အနိမ်ခံရတာ ဘာ့ကြောင့် ပါလဲ။ နိုင်ငံရပ်ခြားမှာ နေထိုင်လုပ်ကိုင်နေတဲ့ သူတွေကြားမှာ (နေရင်း ပြည်မှာလဲ တိတ်တိတ်ပုန်း ရေပန်းစားနေပါတယ်) ရေပန်း စားနေတဲ့ ဖိုမ ပြဿနာတွေ အတွက်နဲ့ ဂုဏ်သိက္ခာနဲ့ မျက်ရည်ကျခဲ့ရတဲ့ ခရစ်တော်ကို မလှည့်စားဖို့ ဒီဆောင်းပါး လေးကို အကြိမ်ကြိမ် စဉ်းစားရင်း ကျမ ရေးသားလိုက်ပါတယ်။ အယ်ဒီတာကိုယ်တိုင် လိုလိုး လားလား ဖော်ပြပေးတဲ့ (စာဖတ်သူ တစ်ချို့ကတော့ သူတို့ကို စောင်းမြောင်း ရေးသား တယ် ထင်ပြီး မလိုလားကြပါ) တကျာနဲ့ ပါဝါ ၁၊၂၊၃၊၄။၅ အထိ ရှိနေခဲ့ပြီ ဆိုတော့ စင်ကာပူမှာ ကျမ ရောက်ရှိနေတဲ့ ၆နှစ်တာ ကာလအတွင်း ဘုရားအမှုတော် ဆောင်တဲ့ အနေနဲ့ ဖိုမ ပြဿနာလေးတွေကို ရေးသား ဆွေးနွေးချင်ပါတယ်။

ကျမဟာ အမျိုးသမီးတစ်ဦး ဖြစ်သလို အိမ်ထောင်ရှင် ကလေးအမေ တစ်ယောက်လဲ ဖြစ်တဲ့အတွက် ရေပန်းစားနေတဲ့ ဖိုမ ကိစ္စတွေမှာ မိန်းကလေး အရှက်ရသွားတာ။ ယောကျ်ားလေး အသဲကွဲ ကျန်ခဲ့တာ စတဲ့ ဇာတ်လမ်းတွေမှာ မည်သူမပြု မိမိမှု ဘဲ ဖြစ်ပါတယ်။ မဖြစ်ခင်က ဆင်ခြင်ကြဖို့လိုပါတယ်။ ဖြစ်ပြီးသွားမှ ဟိုလူ မကောင်းလို့ ဒီလူ မကောင်းလို့ ဆိုပြီး လူသိရှင်ကြား ဖော်ပြကြပေမဲ့ နှစ်ဦးသား သဘောတူ မဟုတ်တာ အတူတူ ကြိတ်လုပ်ကြတုံးက ဘာအသံမှ မကြားရဘဲ အခုမှ လူသိ ရှင်ကြား ပေါ်ကုန်ကြတဲ့ အဖြစ်မျိုး မဖြစ်သင့်ပါ။ လက်ခုပ်ဟာ နှစ်ဘက်တီးမှ မြည်တယ် ဆိုသလို မိမိက ပေးလို့ တစ်ဖက်လူက ယူရတာ ဖြစ်ပါတယ်။ မိမိကိုယ် မိမိ ထိန်းသိမ်း နိုင်ခဲ့ရင် အပြစ်ဖြစ်လာစရာအကြောင်း မရှိပါ။ အဲဒီတော့ မိန်းကလေးများ သာမက ယောကျ်ားလေးများကပါ မိမိရဲ့ နာမည်၊ သိက္ခာ၊ တန်ဖိုး၊ လူမျိုး၊ ဘာသာ ကို မထိခိုက်ဖို့နဲ့ ခရစ်တော်ရဲ့ ဂုဏ်သိက္ခာ မကျဆင်းစေဖို့ ကာကွယ်ရမှာ ဖြစ်ပါတယ်။ ယောကျ်ားလေးများအနေနဲ့ ရည်းစားထားမိတဲ့ သူကို ကိုယ်တကယ် လက်မထပ် နိုင် ရင် ကိုယ်ထိ လက်ရောက် မကျူးလွန်ဖို့ နမချင်း စာနာဖို့ ကူညီယိုင်းပင်းဖို့လိုပါတယ်။

မိန်းကလေးများ အနေနဲ့လဲ ကိုယ့်ရည်းစားကို လက်မထပ်ခင် ခန္ဓာကိုယ် ပုံ မအပ်ဖို့ အလို မလိုက်ဖို့ လိုပါတယ်။ ဘုရားရှေ့ လူရှေ့မှာ တရားဝင် လက်မထပ်ဘဲ အတူတူ နေထိုင် ဆက်ဆံခြင်းဟာ လူမှုရေးရော ဘာသာရေးအရပါ ရှုံ့ရှာစရာ။ အရှက် ကွဲစရာ ဖြစ်ပါတယ်။ မိန်းကလေးများအနေနဲ့ အထူး သတိပြုဖို့က လက်မထပ်ခင် အတူတူ နေဖို့ တောင်းဆိုတဲ့ ယောကျ်ားဟာ အကျင့် စာရိတ္တ ကောင်းမြတ်သူ မဟုတ်ဘူး ဆိုတာပါဘဲ။ အဲဒီလို လူမျိုးကို လက်ထပ်ဖို့နေနေသာသာ ရည်းစား အဖြစ်နဲ့တောင် မတွဲထိုက်ပါ။ ငွေဂုဏ် စည်းစိမ်ဂုဏ်ကို မက်ပြီး ယုံကြည်ချက်ခြင်း မတူတဲ့ သူတွေနဲ့ အတည်တွဲ အပျော်တွဲနေတဲ့ ကိစ္စတွေကိုလဲ ရပ်တန်းက ရပ်ဖို့ အချိန် တန်ပါပြီ။ ပညာ ပိုတတ်သူ။ လစာပိုများသူ ဖြစ်နေပေမဲ့ ခရစ်တော်ကို မရထားသူဟာ သမ္မာကျမ်းစာ အရ ရှုံ့ရှာစရာကောင်းတဲ့အရာဖြစ်ပါတယ်။ စာတန်ရဲ့ လှည့်ကွက်ထဲမှာ ထည့်ထားတဲ့ ရှုံ့ရှာစရာ အရာကို သကာလောင်း အရောင်ဆိုးထားတဲ့ မညီတဲ့ ထမ်းပိုး ထမ်းခြင်းကို ရှောင်ရှားဖို့ သတိပေးလိုက်ပါတယ်။ ဘုရားသခင်ထံမှာ မိမိ လိုအပ်နေတဲ့ အိမ် ထောင်ဖက်ကို ယုံယုံကြည်ကြည် ဆုတောင်းခံပါ။ ဘုရားသခင် က အချိန်တန်ရင် အသင့် တော်ဆုံးကို အလိုတော်နဲ့ အညီ ချပေးမှာဖြစ်ပါတယ်။ ကိုယ့်ဘက်က ဆန္ဒ အရမ်းစောလွန်း မနေဖို့နဲ့ အချိန်မတန်ခင် မလောဖို့ ဆုံး ဖြတ်ချက် မြန်မြန် မချဖို့ လိုပါတယ်။ ဆန္ဒစောလွန်းရင် ဘုရားသခင် အလိုတော် ရှိတဲ့ သူနဲ့ မရဘဲ။ အခွင့်တော်နဲ့တွေ့သွားနိုင်ပါတယ်။ (အခွင့်တော် ဆိုတာ ဘုရားက အလို မတူပေမဲ့ ဖြစ်ချင်ရာဖြစ် ဆိုပြီး အခွင့်ပေးလိုက်ရတာ ဖြစ်ပါတယ်။ ဥပမာ အနေ နဲ့ အာဗြံဟံ သားသမီး လိုချင်တဲ့ ကိစ္စမှာ အလိုတော်ကို မစောင့်နိုင်လို့ ကျွန်မ ဟာဂရ နဲ့ မိမိနည်း မိမိဟန်နဲ့ ကလေး ရအောင်ယူပြီး ဣရှမေလ မွေးလာကာ ပြဿနာ ဖြစ်ခဲ့ ရပါတယ်။) ဘာသာ မတူသူကို လက်ထပ်ပေးတဲ့ ဆရာရှိတယ်ဆိုပြီး အဲဒီ ဆရာတွေ

အားကိုးနဲ့ မညီတဲ့ ထမ်းပိုးကို လွယ်လွယ် ထမ်းနေသူတွေအတွက် ရိတ်သိမ်းရမဲ့ ပုပ်ပျက်နေတဲ့ အသီးအနှံတွေ အများကြီး ရှိနေပါတယ်။ ကိုယ်တော်ရှင် မျက်ရည် ကျနေမှာ ဖြစ်ပါတယ်။ ကျဆင်းနေပြီဖြစ်တဲ့ ခရစ်ယာန်မျိုးရိုး ဂုဏ်သိက္ခာကို အချိန်မီ မြှင့်တင်ရင်း ခရစ်တော်ရဲ့ မျက်ရည်ကို သုတ်ပေးကြရအောင်။ ဤစာမူ ဆောင်ပါးလေး ရေးနိုင်အောင် စာကြောင်းရေတိုင်းကို ခရစ်တော်ရဲ့ ခွန်အားနဲ့ ဆုတောင်းပြီး ရေးသားထားတာ ဖြစ်ပါတယ်။ ဖတ်ရှုသူ အားလုံး အချိန်မီ ပြုပြင်ကြမယ်လို့ မျှော်လင့်ပါတယ်။ မိမိ အမှားမိမိ ပြန်လည်သုံးသပ်ရင်း တစ်ဦးနဲ့ တစ်ဦး ပြန်လည် ယိုင်းပင်း ကူညီရင်း စည်းလုံးညီညွတ်သာယာ ဝပြောတဲ့ ခရစ်ယာန် မိသားစုများဆိုတဲ့ သတင်း မွှေးလေး ပြန်လည်ရယူကြရအောင်-- ။ ။ အားလုံးကို ချစ်တဲ့ - ဖွန်ပန်း

------------------------------

## တံခါးလမ်း

**တံခါးလမ်း** မာရာနသာ နီနီခိုင်

ကျမ အားတဲ့ တစ်နေ့မှာ ရုပ်ရှင်ကား တစ်ကားကို ကြည့်မိပါတယ်။ အဲဒီ ဇာတ်ကား ထဲမှာ သရုပ်ဆောင်က သချိုင်းစောင့် သားအဖမို့ တစ်မြို့လုံးက ဝိုင်းပယ် ခံထားရ ပါတယ်။ အနိုပ်ခံနေရတဲ့ သားဖြစ်သူကို အဖေ ဆုံးမတဲ့ စကားတစ်ခွန်းက လွယ်တဲ့ အလုပ်ကို ခက်တယ်လို့ ထင်ပြီး မလုပ်နိုင်။ ခက်လွန်းတဲ့ အလုပ်ကိုတော့ လွယ်လွန်းလို့ လုပ်နိုင်ကြတယ်တဲ့။



အဲဒီအချိန်မှာ ကျမဟာ သခင်ယေရှုရဲ့ နှုတ်ကပါတ်တော် တစ်ခွန်းကို သတိ ရလိုက်မိပါတယ်။ ကျဉ်းသော တံခါးသို့ ဝင်ကြလော့။ ပျက်ဆီးခြင်းသို့ ရောက်သော လမ်းနှင့် တံခါးသည် ကျယ်ဝန်း သည်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။ အသက်ရှင်ခြင်းသို့ ရောက်သောလမ်းနှင့် တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သော သူတို့သည် နည်းကြ၏။ မဿဲ ၇း၁၃-၁၄။ လွယ်လွန်းတဲ့ အရာကို အခက်ဆုံး ထင်ပြီး မလုပ်နိုင်တဲ့အရာဟာ သခင်ယေရှု ပြောခဲ့တဲ့ ကျဉ်းမြောင်းပြီး တွေ့ဝင်သူ နည်းပါးတဲ့ လမ်းလေးဘဲ ဖြစ်ပါတယ်။ ကိုယ်နှင့် စပ်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ရမယ်။ သင်၏ ပါးတစ်ဘက်ကို ပုတ်လျှင် ပါးတစ်ဘက်ကို ထပ်လှည့် ပေးရအုံးမယ်။ စိတ်ရှည်ရမယ်။ သည်းခံရမယ်။ သစ္စာစောင့်ရမယ်။ နှိမ့်ချရမယ်။ သူတစ်ပါးကို အပြစ် မစီရင်ရဘူး။ ထောင်လွှား စော်ကားခြင်း မရှိရဘူး။ မုသား မပြော ရဘူး။ သူတစ်ပါးအပေါ် မကောင်းကြံ၊ ကဲ့ရဲ့ပြစ်တင်၊ ရှုတ်ချခြင်း မပြုရဘူး။ မိဘ စကား နားထောင်ခြင်း အစရှိသော အရာတွေကို ကျမတို့ မလုပ်နိုင်ကြပါဘူး။ ဒါ့ကြောင့်လဲ ကျဉ်းမြောင်းသော တံခါးဝကို နေ့စဉ်မဝင်ထွက် နိုင်ကြပါဘူး။ ကျမတို့ လွယ်ကူစွာနဲ့ ဝင်ထွက်ပြီး လုပ်နိုင်တဲ့ အရာကတော့ ကိုယ်နှင့် စပ်ဆိုင်သူကို ကိုယ်နှင့် အမျှချစ်ဖို့ မပြောနဲ့ တစ်မိဘတည်း မွေးလာတဲ့သူ အချင်းချင်းတောင် မတည့် ကြပါဘူး။ သူတပါးက ကိုယ့်လက်ကို ကိုင်ရုံဘဲ ရှိသေးတယ်။ ကိုယ်က ဦးအောင် ပြန်ဆော် ပြီးသွားပါပြီ။ သူတပါး အပြစ်ကိုတော့ ရစရာမရှိအောင်ပြောပြီး ကိုယ်ကတော့ မကောင်းတာ ဘာမှ မလုပ်တတ် သလိုနဲ့ စိတ်မရှည်နိုင်၊ သည်းမခံနိုင်တိုင်း သူများက တစ်ခု လုပ်ပြီးရင် ကိုယ်က မကောင်းတာ ၂ခုလုပ်ပြီး သွားတတ်ပါပြီ။ သစ္စာ မရှိတာ မာနကြီး ထောင်လွှားတာ တွေဟာ ကျယ်လွန်းတဲ့ တံခါးဝ ဖြစ်နေ၍ နေ့စဉ်နှင့်အမျှ လုပ်နိုင် ကြပါတယ်။ အဲဒီအရာတွေဟာ ဘယ်လောက်အထိတောင် ကျမတို့ အသက်တာမှာ ကြီးထွားခဲ့သလဲ ဆိုရင် ဥပမာ လူတစ်ဦးကို ခွင့်မလွှတ်နိုင်လို့ ချည်နှောင် ထားမိပြီး ကိုယ်ချည်နှောင်တဲ့သူဟာ ကိုယ့်ဟာကို ချည်နှောင်ပြီး တွေးလိုက် စိတ်ဆိုးလိုက် ဝမ်းနည်းလိုက် စိတ်မကောင်းလိုက်နဲ့ တစ်နေ့ မက ကာလတွေ ကြာလာတော့ ကိုယ့်ရဲ့ နလုံးက ဒုက္ခပေးပြီး ကိုယ့်ကိုယ်ကို ပြန်သတ် သလို နလုံးရောဂါ ရကာ အစိုင်အခဲတွေ ကြီးသွားနိုင်ပါတယ်။ နှုတ်ကပါတ်တော်က ဘာပြောထားသလဲ ဆိုတော့ နလုံးသည် အသက်၏ အခြေအမြစ် ဖြစ်သောကြောင့် သင်၏ နလုံးကို အထူးသဖြင့် စောင့်ရှောက်လော့။ သုတ္တံ ၄း၂၃။ လူတွေဟာ အပြင်ပန်းအားဖြင့် မှားတတ်ကြတဲ့ မူးယစ်ဆေးဝါး သောက်သုံးတာကို ကျယ်ဝန်းသော တံခါးလို့ မြင်တတ်ကြပေမဲ့ နေ့စဉ်အသက်တာ မမျှော်လင့်ဘဲ ပြုတတ်တဲ့ အရာတွေ ဟာ ကျယ်ဝန်းတဲ့ တံခါးဖြစ်တာကြောင့် ဘယ်သူမှ မလွတ်နိုင်ကြပါဘူး။ သခင်ယေရှုရဲ့ ကျဉ်းမြောင်းသော တံခါးဝကို စောင့်ရှောက်ခြင်းဟာ ကိုယ့်ရဲ့ နလုံးကို စောင့်ရှောက် ခြင်း မည်ပါတယ်။ ဘုရားသခင် နှစ်သက်တဲ့ အရာလဲ ဖြစ်ပါတယ်။ အယောက်စီတိုင်း ကျဉ်းသော တံခါးကို ဝင်နိုင်ကြပါစေ။ ။ မာရာနသာနီနီခိုင်

## ပေးစာ

**ကိုဟက်ပီးသို့ပေးစာ** Tear

သို့ ကိုဟက်ပီး(Ko Happy)။ Tear ရဲ့ ရင်ထဲက ထွက်ပေါ်လာတဲ့ စကာလုံး လေးတွေကို နလုံးသား တစ်နေရာမှ ရင်ဖွင့်ပါရစေ။ ကိုဟက်ပီး တစ်ယောက် ဘုရား သခင်ထံတော်ပါးမှ လာသော ထာဝရ ပျော်ရွှင် ငြိမ်သက်ခြင်းကို ထာဝစဉ် ခံစားရ ပါစေလို့ ဆုမွန်ကောင်း တောင်းပေး လိုက်ပါတယ်။



Tear ရင်တွင်းခံစားချက်။ အဖေ့ထက် သား တစ်လကြီးသူ။ အဖေက တို့ကို ချစ်တယ်နော်။ ထို့အတူ သင့်ကိုလဲ ချစ်တယ်ဆိုတာ ယုံပါ။ တစ်ယောက်တည်းကို ကွက်ပြီး ပိုမချစ်ပါဘူး။ ဒါ့ကြောင့် အဖေက သူ့သားသမီးတွေကို ဘယ်လောက် ချစ်သလဲ ဆိုတာ ဒီစာသားလေးတွေနဲ့ ဖော်ပြချင်တယ်။ ဒါပေမဲ့ အဖေထက် သား တစ်လ မကြီးပါစေနဲ့။

အဖေက တရား ဒေသနာကို ဟောကြားနေချိန်မှာ သားက လောကရဲ့ လေတစ်လုံး မိုး တစ်လုံးနဲ့ အလုပ် ရှုပ်နေသူ။အဖေက ပျောက်ဆုံးသော ဝိညာဉ်တွေနဲ့ ပျောက် သော သိုးတွေကို ရှာဖွေ ကယ်တင် နေချိန်မှာ သားကိုယ်တိုင်က လမ်းပျောက်နေသူ။ အဖေက သမ္မာကျမ်းစာကို သွန်သင်နေချိန်မှာ သားက သိပ္ပံခေတ်ကို ဆွဲကိုင်နေသူ။ အဖေက သမ္မာတရားအတိုင်း အသက်ရှင်နေချိန်မှာ သားက လောကလမ်းအတိုင်း ရေစုန်မျောနေသူ။ အဖေက တရားနို့ရည် သောက်စို့ နေချိန်မှာ သားက အများ နည်းတူ မိုးခါးရေ သောက်နေသူ။



အဖေရဲ့ နောက်ဆုံးစကား အခုလို တိုးတက်နေတဲ့ ခေတ်ကြီးမှာ အဖေရဲ့ ရင်ထဲက လာတဲ့ အကြင်နာ မေတ္တာတွေကို ငါ့သားလူလေး မကြားလေရော့သလားကွယ်။


အဖေ့မျက်ရည်။ မင်းလုပ်ရပ်တွေ မှန်တယ်လို့ မင်း ကိုယ်တိုင် ထင်မြင် ယုံကြည် နေပေ မဲ့ မင်းလုပ်ရပ်တွေ မှားနေတဲ့အတွက် ကျမျက်ရည် ဝေမိတယ်။ ငါ့သား လူလေး။ အဖေ့ အကြင်နာ စကား ငါ့သားလူလေး။ မင်းအဖေ့ထက် တစ်လ ပို မကြီး ချင်စမ်း ပါနဲ့ကွာ။ အဆိုးအားဖြင့် အရှုံးမခံနှင့်၊ အကောင်းအားဖြင့် အဆိုးကို နိုင်လော့။ အဖေ့ ခေါ်သံ။ မင်း နောင်တ တွေနဲ့ ပြန်လာမဲ့နေ့ကို အဖေ စောင့်မျှော်နေပါတယ်။ ဆိုတာ ယုံစမ်းပါ။ အဖေ့ ခေါ်သံကို ကြားလိုက်စမ်းပါ။ ။ Tear

------------------------------------

## အလုပ်၏နောက်ဝယ်

**အလုပ်၏နောက်ဝယ်** မေရီ(ဖျာပုံ)

၁ပေ - ၄း၈-၁၁။ နှစ် လ ရက်တွေ ရှိနေသရွေ့ မိမိတို့ လုပ်နေရသော အလုပ်ကို ငြီးငွေ့ ပင်ပန်း ပျင်းရိနေရသူများအတွက် ကျေနပ်အားရနှစ်သိမ့်နိုင်ဖို့ အနည်းငယ် တိုက်တွန်း ခွန်အားပေးလို ပါတယ်။ ကျမတို့ဟာ တစ်ခါတစ်လေမှာ မိမိလုပ်နေတဲ့ အလုပ်ကို မည်သူမှ အသိအမှတ်မပြုပါလားလို့ တွေးရင်း အားငယ်မိတတ်ကြပါတယ်။ နေပူ အောက်မှာ နဖူးက ချွေး ခြေမ ကျတဲ့အထိ အလုပ် လုပ်နေသူဖြစ်စေ။ လေအေး စက် တပ် စားပွဲခုံပေါ်မှာ အလုပ်လုပ်နေရသူ ဖြစ်စေ။ ပစ္စည်း တပ်ဆင်သည့် ဌာနတွင် လုပ်နေသူဖြစ်ဖြစ်၊ နေ့ကလေးထိန်း ကျောင်းတွင် လုပ်နေသူဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့ အလုပ် ကို လုပ်ရင်း အလုပ်ထဲတွင် နစ်မြုပ်ကာ ပင်ပန်းနွမ်းနယ် နေသူများအတွက် မည်သူမှ မိမိတို့ကို အသိအမှတ် မပြုသော်လဲ တတ်နိုင်သလောက် အကောင်းဆုံး အသက်တာဖြင့် ကြိုးစား အသက်ရှင် သွားဖို့ ဖြစ်ပါတယ်။ ဘုရား သခင်က ကျမတို့ ကို ကိုယ်စီ အလုပ်လုပ်ရန် ရွေးချယ်ခွဲခန့်ထားတာ ဖြစ်တဲ့အတွက် ဘုရားမျက်နှာ တော် ကိုထောက်၍ အလုပ်ကို ရိုးသားကြိုးစားခြင်းဖြင့် လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ ကျမ ဆယ်တန်း အောင်စာရင်း မထွက်သေးခင် ကျောင်းဖွင့်ချိန်မှာ ရွာက မူလတန်း ကျောင်းမှာ လုပ်အားပေး ဆရာမ အနေနဲ့ ခန ဝင်လုပ်ဖြစ်ခဲ့ပါတယ်။ ပထမတန်းကျောင်းသား ၆၀ကျော်ကို ဘာသာစုံ သင်ပေးရပါတယ်။ ကျောင်းအုပ် ဆရာမကြီး ကတော့ သူငယ်တန်း ကိုသင်ပေးပါတယ်။ ကျောင်းသား ၂၀၀ကျော်ကို ကျမတို့ နှစ်ယောက်တည်း သင်ရတာတော်တော် ပင်ပန်းပါတယ်။ တစ်ခါတစ်လေ ကျောင်းအုပ်ဆရာမကြီး မြို့ပေါ် ကိစ္စရှိလို့ တက်သွားရင် ကျမတစ်ယောက်တည်း တစ်ကျောင်းလုံးကို ထိန်းရပါတယ်။ ကျောင်းချိန်မနက် ၉နာရီက ညနေ ၃နာရီအထိ ကလေး သဘာဝ စရိုက်မျိုးစုံကို စာသင်ပေးရတာထက် ထိန်းကျောင်းကာ ပြဿနာ ဖြေရှင်း ပေးနေရတာက ပိုများပါတယ်။ ရန်ဖြစ် ငိုယိုတိုင်တော နေတဲ့ ကလေး တွေနဲ့





**သခင့်စကား** ဝိညာဉ်ရေးရာစာစောင် အမှတ်စဉ် ၁၂၈ ဧပြီလ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ကျမရဲ့ ရှန်းရင်းဆန်ခတ်ဖြစ်နေတာကို သူတို့ မိဘတွေ မမြင်ကြပေမဲ့ ကိုယ်တော်ဘုရားက အားလုံးကို သိနေပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၂၀ကျော်က အလုပ်မှာ မိမိလုပ်နေတာကို ဘယ်သူမှ မသိကြဘူးလို့ တွေးခဲ့ဖူးသလို အခုလက်ရှိ လုပ်နေတဲ့ အလုပ်ကိုလဲ ဘယ်သူကမှ မသိမမြင် အလေးထားမှာ မဟုတ်ဘူးလို့ တွေးမိပြန်ပါတယ်။ ချို့ယွင်းနေတဲ့ အင်ဂျင်စက်အိုကြီးနဲ့ တူတဲ့ လူအိုတစ်ယောက်ကို နိစ္စဓူဝ ပြုစုရတာ။ လက်ပူတိုက်ရတာ။ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ လုပ်ဆောင်မှု အား မကောင်းတော့လို့ အကူစက်တွေနဲ့ လုပ်ဆောင် နေရတာတွေကို ဒီတစ်ခါလဲ ကိုယ်တော် သိပါတယ်လို့သာ ကိုယ်တော် ကူမ အားပေးနေပါတယ်လို့သာ ဖြေသိမ့်အားပေးလုပ်ဆောင်နေရပါတယ်။

ချစ်သော မိတ်ဆွေတို့ ကျမတို့တွေ တစ်ခါတစ်ရံ အလုပ်၏နောက်ဝယ် တွင် ရှိနေကြပါတယ်။ လူများ မမြင်သာပါ။ ထိုအလုပ်ကိုဆောင်ရွက်ရန် ဘုရားသခင်က ကျမတို့အားလုံးနဲ့ ထိုက်တန်တဲ့ အရည်အချင်း ပညာတတ်ကျွမ်းမှုပေါ် မူတည်ပြီး အလုပ်တွေ ပေးထားတာဖြစ်ပါတယ်။ ကိုယ်လုပ်နေသော အလုပ်အားဖြင့် သူတပါးကို ချစ်ရန်(၁ပေ ၄း၈)။ ညှော့ဝတ် ကျေရန်(၄း၉)။ မိမိ၏ ဆုကျေးဇူးဖြင့် သူတပါးကို အစေခံရန်(၄း၁၀)။ စသဖြင့် ဘုရားသခင် အပ်နှင်းထားသော အငန်းအတာများကို ဘုရားရှင်၏ ခွန်အားဖြင့် ထမ်းဆောင်ပြီး မိမိ၏ အကျိုးအမြတ်အတွက် မဟုတ်ဘဲ ဘုရားရှင်၏ ဘုန်းတော် ထင်ရှားစေရန်အတွက်၊ ချီးမွမ်းစရာ ဖြစ်စေရန်အတွက် ဖြစ်ဖို့ ဝေငှလိုက်ပါတယ်။ ကျမတို့ ဘုရားသခင်၏ အစေကို မည်သို့ မည်ပုံ ခံမည်ကို လူအများက မသိသော်ငြားလဲ သခင်အားရ ကျေနပ်စေဖို့သာ ရည်ရွယ်၍ ကြိုးစား လုပ်ဆောင်ကြပါစို့။ (၁ကော ၁၅း၅၈ ထို့ကြောင့် ငါချစ်သော ညီအစ်ကိုတို့ သင်တို့သည် ဘုရားသခင်၏ အမှုတော်ကို ဆောင်ရွက်၍ အကျိုးကြီးသည်ကို သိမှတ် သဖြင့် တည်ကြည်သော စိတ်နှင့် ပြည့်စုံ၍ မရွေ့လျော့ မတိမ်းယိမ်းဘဲလျှက် သခင်ဘုရား၏ အမှုတော်ကို ကြိုးစားအားထုတ်ကြလော့။ အယောက်စီတိုင်း သခင် အားရ ကျေနပ်သူ ဖြစ်ဖို့ ဆန္ဒပြုလျှက် - ။ ။ Mary (ဖျာပုံ)

------------------------------------

စိုက်သည့်အတိုင်း

## စိုက်သည့်အတိုင်း (မင်းအောင်သက်လွင်)



စင်ကာပူနိုင်ငံပိုင် ကျွန်း တစ်ကျွန်း ဖြစ်တဲ့ စိန့်ဂျွန် ကျွန်းပေါ်ကို အလုပ် ကိစ္စနဲ့ ကျွန်တော် ရောက်သွားခဲ့ပါတယ်။ အဲဒီ ကျွန်းပေါ်က ဂျင်နရေတာ ပြုပြင် ထိန်းသိမ်းရေး ဌာနမှာ အိန္ဒိယ နိုင်ငံသား အဖြစ်ကနေ စင်ကာပူနိုင်ငံသားအဖြစ် ပြောင်းလဲ ခံယူထားတဲ့ အသက် ၄၀ကျော် အရွယ် ရှိတဲ့ ဒင် ဆိုတဲ့ လူတစ်ယောက်ကို တွေ့ခဲ့ ရပါတယ်။ သူနဲ့ လုပ်ဖော်ဆောင်ဘက် မိတ်ဆွေတွေက ပင်ပင်ပန်းပန်း အလုပ် လုပ်နေချိန်မှာ သူကတော့ သက်သက်သာသာ အလုပ်တွေကိုဘဲ လုပ်နေတဲ့အတွက် သူ့ကို ရေသာခိုတဲ့ လူတစ်ယောက်အနေနဲ့ မြင်မိတာမို့ ဒင့်ကို ကျွန်တော် သိပ်ကြည့်လို့ မရခဲ့ပါ။ အလုပ် သမား အချင်းချင်းတွေကို သိပ်ခေါင်းပုံ ဖြတ်လွန်းတယ်လို့လဲ ထင်မိလို့ပါ။ တစ်နေ့ သူနဲ့ ကျွန်တော် နီးနီးကပ်ကပ် အလုပ် တွဲလုပ်နေချိန်မှာ နှစ်ယောက် အတူတူ မပြီး သယ်ရမဲ့ လေမှုတ်စက်တစ်လုံးကို သူက မသယ်ဘဲ ရှောင်ထွက်သွားတဲ့အတွက် ကျွန်တော့် ဒေါသတွေ အခဲလိုက် ထွက်လာတာမို့ ဟော့ကောင် ဒင် မင်းဘာဖြစ်လို့ အလုပ်ကို ရေသာခိုတာလဲကွလို့ အော်ပြောလိုက်မိ ပါတယ်။ အဲဒီတော့မှ ဒင်က ကျွန်တော် စိတ်ဆိုးနေမှန်း သိသွားပြီး သူ့ရဲ့ အလုပ်ကို ရေသာခိုရတဲ့အကြောင်း အသေးစိတ် ရှင်းပြပါတော့တယ်။

တချိန်တုံးက သူဟာ စင်ကာပူက သူဌေးကြီးများပိုင် သင်္ဘောကျင်းတစ်ခုက ကျွမ်းကျင် အလုပ်သမားတစ်ဦး ဖြစ်ခဲ့ဖူးပါတယ်တဲ့။ တာဝန်အရ အဆောက်အဦး အမြင့် တစ်ခုပေါ် တက်ပြီး သံဖရိမ်တွေကို အပေါက်ဖောက်နေချိန်မှာ အခန့်မသင့်လို့ ပြုတ် ကျရာက လက်ဖျံရိုးနဲ့ ခြေသလုံးရိုး ကျိုးသွားခဲ့ရပါသတဲ့။ သူ့ရဲ့ ဘယ်ဘက် လက်ဖျံရိုး နဲ့ ညာဘက် ခြေသလုံးရိုး ထဲမှာ အမေ မွေးပေးတဲ့ အရိုးအစစ်တွေအစား စတိန်းလက်စ်စတီး သံမဏိချောင်းတွေ ထည့်ထားပြီး မူလီတွေနဲ့ တွဲစုတ်ထားလို့ အလုပ်ကြမ်းကြမ်း လုပ်လို့မရပါဘူးတဲ့။ ဆေးခွင့် ၉လ ကျော်နဲ့ စင်ကာပူအစိုးရပိုင် အထွေထွေ ရောဂါကုဆေးရုံမှာ ဆေးကုသမှု ခံပြီးတဲ့ နောက်မှာ သူ့ကုမ္ပဏီက အလုပ် ဆက်မခန့်တော့သလို သူကိုယ်တိုင်လဲ အရင်ကလို အလုပ်ကြမ်းကြမ်း မလုပ်နိုင်တော့ တဲ့အတွက် လုပ်မဲ့သူ သိပ်မရှိတဲ့ ဒီကျွန်းပေါ် မှာ ၆နှစ် ကျော်အထိ အလုပ်လုပ်လာခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်းပေါ်က အဆောက်အဦးတွေကို လက်ညှိုး ထိုးပြပြီး တချိန်တုံးက ဒီသံချောင်းတွေ သံဖရိမ် တွေကို မော်တာအားသုံး အပေါက်ဖောက်စက်နဲ့ အပေါက် ဖောက်ပြီး မူလီတွေ နပ်တွေ နဲ့ တွဲစုပ်လာခဲ့တာ အခုတော့ ငါ့အသွေးအသားထဲက အရိုးစစ်စစ်ကို ထုတ်။ သံချောင်းထဲ့ပြီး ငါကိုယ်တိုင် မူလီ ပြန်အစုတ် ခံထိခဲ့တယ်လို့ သူက မျက်ရည် လည်ရွဲနဲ့ ပြန်ပြောခဲ့ပါတယ်။

ဒီလို အဖြစ်နဲ့ ခပ်ဆင်ဆင်တူတဲ့ ငယ်ငယ်တုံးက ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတိုတစ်ပုဒ်ထဲမှာ တောထဲက ဆင်ဖမ်း အဖွဲ့နဲ့ ဆင်ဖမ်းရာမှာ အလုပ် လိုက်လုပ်တဲ့ ဆင်ဖမ်း လုပ်သားတစ်ယောက် အကြောင်း ပြန်သတိရမိပါတယ်။ သူ့ရဲ့တာဝန်က ဆင်ရိုင်းဆိုးတွေကို တခြား အဖွဲ့သားတွေက ဆင်ရှေ့ကနေ ကိုယ်ယောင်ပြပြီး ကြိုးနဲ့ပစ် ခြောက်လှန့်နေချိန်မှာ ဆင်ကြီး အရှေ့ကို မဲနေတုံး ဆင်ကြီး ပြေးလို့မရအောင် အလစ်မှာ နောက်ကနေ ခြေဖနောင့် ကြောကို ဓါးမ ထက်ထက်နဲ့ ခုတ်ဖြတ် ရတာ ဖြစ်ပါတယ်။ နှစ်တော်တော် ကြာတဲ့ အခါမှာ သူလုပ်ခဲ့တဲ့ အလုပ်ကို သူကိုယ်တိုင် မနှစ်မြို့တော့တာမို့ အလုပ်ပြောင်းဖို့ မြို့ပေါ်တက်လာခဲ့ပါတယ်။ မြို့ပါတ်ကားကို နောက်မှီး ခြေနင်းခုံပေါ်ကနေ တွယ်စီး လာရာက ရုတ်တရက် မီးပွိုင့်မီးနီချိန်မှာ ကားဆရာက ဘရိတ်ကို ဆောင့်နင်း လိုက်တာမို့ နောက်က အရှိန်နဲ့ မောင်းလာတဲ့ မြို့ပါတ်ကား နောက်တစ်စီးက သူ တွယ်စီးလာတဲ့ ကားကို နောက်ကနေ အရှိန်ပြင်းပြင်း တိုက်မိသွားပါတယ်။ နောက်ကားရဲ့ ခေါင်းက ကျောခိုင်းနေတဲ့ သူ့ရဲ့ ခြေဖနောင့်ကြောကို ပြတ်ထွက်သွားအောင် တိုက်ပြီး ဒဏ်ရာ အကြီးအကျယ် ရသွား စေခဲ့ပါတယ်။ အဲဒီ ဝတ္ထုစာရေးဆရာ (အမည် မမှတ်မိတော့သောကြောင့် စာရေး ဆရာ အား အထူးတောင်းပန်ပါသည်) က သူ့စာကို ဘယ်လို အဆုံးသတ်ထားသလဲဆိုတော့ ဆင်ဖမ်းသမားကို တိုက်သွားတဲ့ ကားရဲ့ နာမည်က (မြန်မာပြည်က ခရီးသည်တင် ဘတ်စ် ကားတွေမှာ နာမည် တပ်ထားတတ်တဲ့ ဓလေ့ရှိတာမို့) ဆင်ကြီး တဲ့။

မြန်မာလူမျိုး ဓလေ့ထုံးစံ အယူဝါဒ အရဆိုရင်တော့ သူလုပ်ခဲ့တဲ့ အကုသိုလ် အလုပ်က သူ့ကို ပြန်ပြီး ဝဋ်လည်တာဖြစ်ပါတယ်။ ယုံကြည်သူတွေ အနေနဲ့ကတော့ ကျမ်းစာထဲမှာ စိုက်သည့် အတိုင်း ရိတ်ရမည်လို့ ဆိုထားပါတယ်။

ကျနော် ဘာအပင် စိုက်ထားသလဲ။ ကျနော် စိုက်ထားတဲ့ အပင်ကို ကျနော် ပြန်ရိတ်သိမ်း စားသုံးရမှာ ဖြစ်ပါတယ်။

ဒါဝိဒ်မင်းကြီး စိုက်ခဲ့တဲ့ သူများ သားမယား ပြစ်မှားခြင်း အပင် အတွက် သားဦးလေး သေဆုံးသွားတဲ့ အသီးအနံ့ကို ပြန်ရိတ်သိမ်းရပါတယ်။ ဘာတွေ စိုက်ထားသလဲ။ ကိုယ်စိုက်တဲ့အတိုင်း ကိုယ်ပြန်ရိတ်ရမှာပါ။ ။ **မင်းအောင်သက်လွင်**

------------------ ကာတွန်း ------------------

(ဘုရားသခင် ကျွန်တော်မျိုးကို ကူညီမစဌေ တစ်ရာကျပ်ကနေ အခု သိန်းဂဏန်းအထိ ပေးလှူ ခဲ့သော သူများအတွက် စာရင်းပြုစုလျှက် ဆုတောင်းပေးပါတယ်။ သူတို့ကို ကောင်းကြီး ပေး ပေး ပေး - - -) (ငါ့သား ထိုသူများ စာရင်းသည် ငါ့ဆီမှာ ရှိပြီးသား ဖြစ်သည်။ သင် ကူညီ မစခဲ့သော သူများ စာရင်းကိုသာ တင်ပြပါ။) ( ဒွတ်စ်)




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။
(နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; thelordword@gmail.com (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.thelordword.com တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်



www.thelordword.com နှင့်
(facebook) Lord's Word
တွင် **သခင့်စကားစာစောင်** အား ဖတ်ရှုနိုင်ပါပြီ။

မင်းအောင်သက်လွင် စီစဉ်တင်ဆက်သော ---
Dancing with GOD *ကိုယ်တော်နှင့်အတူ သီချင်းလေး ဆိုရင်းက*
Praise song Music video မကြာမီ ထွက်တော့မည်။

(facebook) Lord's Heart **သခင့်နှလုံးသား**
တွင် မင်းအောင်သက်လွင်၏ လက်ရွေးစင်ရသစုံ
စာမူများအား ဖတ်ရှုနိုင်ပါသည်